## (၁) အရွက်ကြွေ၊ အခေါက်ပုပ်၊ အသီးပုပ်ရောဂါ (Leaf Fall, Bark Rot and Fruit Rot)

**ရောဂါဖြစ်စေသက်ရှိ - *Phytophthora palmivora* (E. J. Butler) E. J. Butler**

### ရောဂါလက္ခဏာများ

ပျိုးပင်အဆင့်တွင် ပျိုးပင်နာကျရောဂါ ဖြစ်စေသည်။ ပျိုးပင်အဆင့်တွင် ကိုင်းဖျားခြောက်ခြင်းကို ဖြစ်စေသည်။ ပန်းပွင့်ချိန်၊ အသီးကြီးထွားချိန်၊ ရိတ်သိမ်းပြီး နောက်ပိုင်း နှင့် ပျိုးပင်အဆင့်ပင်ပိုင်း ကြီးထွားချိန် တို့တွင် ရောဂါကျရောက်နိုင်သည်။ ဒူးရင်းပင်တွင် အရွက်ကြွေခြင်း၊ အခေါက်တွင် အနာချိုင့်ရောဂါဖြစ်ခြင်း၊ အခေါက်ပုပ်ခြင်း၊ အမြစ်ပုပ် ခြင်း စသော ရောဂါလက္ခဏာများဖြစ်စေသည်။ အသီးတွင် အညိုကွက်ပြောက် များစဖြစ်ပြီး အသီး တစ်ခုလုံးကိုပျံ့နှံ့၍ ပုပ်သွားစေသည်။ အသီးအနာကွက်များတွင် မှိုအစုအဝေးကိုတွေ့ နိုင်သည်။ ရောဂါကျ အသီးညှာနှင့် ပန်းပွင့်များမှတဆင့် အသီးကို ကူးစက်သည်။







**ကာကွယ်နှိမ်နင်းနည်းများ**

- ရောဂါကျအသီးနှင့် အပင်အစိတ်အပိုင်းများကို ခုတ်ထွင်ရှင်းလင်းပါ၊ မီးရှို့ဖျက်ဆီးပါ။
- ပင်ကြားတန်းကြားကို လေဝင်လေထွက်ကောင်းရန်နှင့် အစိုဓါတ်လျော့ချ နိုင်ရန် စနစ်တကျအကိုင်းဖြတ်ခြင်းဆောင်ရွက်ပါ။
- ပျိုးခင်းကို အစိုဓါတ်ကြာရှည်မှုရရှိမှုမှ ရှောင်ရှားရန် ညနေစောင်းနှင့် ညတွင် ရေမလောင်းပါနှင့်။
- မိုးမကျမီအပင်များကို အပင်ခြေမြေကြီး(၁)ပေခွဲမှ (၂)ပေခန့်အထိ ထုံး(သို့မဟုတ်) ဘော်ဒိုဆေးရည်သုတ်ပေးပါ။
- ပျိုးခင်းကို နေရောင်ခြည်ကောင်းစွာရရှိသောနေရာတွင် ပျိုးထောင်ပါ။
- ရောဂါကျအပင်အစိတ်အပိုင်းများ ဖယ်ရှား ဖျက်ဆီးမီးရှို့ပါ။
- ဇီဝနည်းဖြင့် နှိမ်နင်းခြင်း (Biological Control) အဖြစ် ထရိုင်ကိုဒါးမား (*Trichoderma harzianum*) မှိုကို အသုံးပြုပါ။
- ရောဂါဒဏ်ခံနိုင်ရည်ရှိသောမျိုးကို စိုက်ပါ။
- မှိုသတ်ဆေးများသုံးစွဲရာတွင် ထိရောက်မှုရှိစေရန် ပင်လုံးပြန့်နှင့် ထိတွေ့အမျိုးအစားဆေးများကို အလှည့်ကျအသုံးပြုပါ။
- ပင်စည် အခေါက်များအား အောက်ပါမှိုသတ်ဆေးများ ပျစ်ပျစ်ဖျော်၍ သုတ်လိမ်းပါ။
- အရွက်ရောဂါများအတွက် ဖျန်းပါ။
    - Dimethomorph (ဒိုင်မီသိုမောဖ့်)
    - Metalaxyl (မီတယ်လဆီ)
    - Fosetyl-Al (ဖော့စတိုင်အေအယ်လ်)
    - Cymoxanil (ဆိုင်မော့စနေးလ်)

- Mancozeb (မန်ကိုဇက်)
- (Copper} ကော့ပါးပါသောဆေး